မြန်မာနိုင်ငံ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း

ပြည်သူအားလုံး ပါဝင်လို့
သန်းခေါင်စာရင်းကောက်ကြစို့







# သင်ဘာသိဖို့ လိုသလဲ









UNFPA

# ဥယျောဇဉ်



ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရကိုယ်စား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဦးစီးဦးဆောင်ပြု၍ ဌာနစုံဖြင့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းအား ၂၀၁၄ ခုနှစ် မတ်လ (၃၀) မှ ဧပြီလ (၁၀) ရက်နေ့အထိ နိုင်ငံတစ်ဝှမ်း ကွင်းဆင်း ကောက်ယူမည် ဖြစ်ပါသည်။ နိုင်ငံတစ်နံတစ်လျားရှိ တိုင်းရင်းသား ညီအစ်ကို မောင်နှမ ပြည်သူအားလုံးမှ ပူးပေါင်းပါဝင် ကူညီပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။ နှစ်ကာလအတန်ကြာ အတွေ့အကြုံ ပြတ်လပ်ခဲ့မှုကြောင့် သန်းခေါင်စာရင်းဆိုင်ရာ အကြောင်းအရာများအား လူတိုင်းကိုယ်စီ နားလည် သဘောပေါက်အောင် ဆောင်ရွက်ပေးရန်မှာ ကျွန်ုပ်တို့၏ တာဝန်သာ ဖြစ်ပေသည်။

အထက်ပါတာဝန်အား ဖြည့်ဆည်းပေးရန် ရည်ရွယ်၍ "သင်ဘာသိဖို့လိုသလဲ" ဟူသော စာစောင်ကို ပြင်ဆင်ပြုစု ထုတ်ဝေရခြင်း ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်ကြီးတွင် ပါဝင်ပတ်သက် တာဝန်ယူကြမည့်သူအားလုံးက ဤစာစောင်အား လေ့လာ၊ ဖတ်ရှု၍ လိုအပ်သလို အသုံးပြုသွားကြရန်လည်း တိုက်တွန်းအပ်ပါသည်။

ဤစာစောင်ဖြစ်မြောက်ရေးအတွက် လက်တွဲကူညီ ဆောင်ရွက်ပေးသော ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) ကို အထူးကျေးဇူးတင်ရှိပါသည်။ အလားတူပင် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ဤအစီအမံ ဖြစ်ထွန်း အောင်မြင်နိုင်စေရေး အတွက် ကျရာကဏ္ဍအသီးသီး၌ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည့်ဤဝန်ကြီးဌာနမှဝန်ထမ်းများအားလည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ လူပုဂ္ဂိုလ်/အဖွဲ့အစည်း အဆင့်ဆင့်အား လည်းကောင်း၊ နိုင်ငံတစ်ဝှမ်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအားလည်းကောင်း အထူးကျေးဇူးဥပကာရ တင်ရှိပါကြောင်းလည်း မှတ်တမ်းတင်ဂုဏ်ပြုအပ် ပါသည်။

ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုဖြင့် မှန်ကန်စွာ ထွက်ပေါ်လာမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များမှတဆင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂါတ် မြန်မာနိုင်ငံတော်သစ်ကြီး ကို ဝိုင်းဝန်းကူညီတည်ဆောက်သွားရမည် ဖြစ်ပါကြောင်း။

**ဦးခင်ရီ**
**ပြည်ထောင်စုဝန်ကြီး**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

ဤစာအုပ်ငယ်ကို ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ နေပြည်တော်မှ ထုတ်ဝေပါသည်။



# သင်ဘာသိဖို့ လိုသလဲ


| | |
|---|---|
| ၁။ နိဒါန်း | ၄ |
| ၂။ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုသည်မှာ | ၅ |
| ၃။ မည်သူတွေ စာရင်းကောက်ခံရမည်နည်း | ၆ |
| ၄။ မည်သည့်နေရာတွင် သန်းခေါင်စာရင်း အကောက်ခံရမည်နည်း | ၈ |
| ၅။ မည်သည့်အချိန်တွင် မည်မျှကြာအောင် စာရင်းကောက်ယူမည်နည်း | ၉ |
| ၆။ စာရင်းကောက်ယူခြင်းကို ဘယ်လိုပြီးဆုံးအောင် ကောက်မည်နည်း | ၁၀ |
| ၇။ သန်းခေါင်စာရင်း ဥပဒေ | ၁၁ |
| ၈။ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ခံပြီးစီးပါက မည်သည့်အချက်အလက်များကို ပေးမည်နည်း | ၁၃ |
| ၉။ သန်းခေါင်စာရင်း ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ | ၁၆ |
| ၁၀။ သင်၏ အခန်းကဏ္ဍ | ၁၈ |
| ၁၁။ မီဒီယာ၏ အခန်းကဏ္ဍ | ၁၉ |
| ၁၂။ ၂၀၁၄ခုနှစ် မြန်မာနိုင်ငံသန်းခေါင်စာရင်းတွင် မေးမြန်းမည့် မေးခွန်းများ | ၂၀ |
| ၁၃။ သန်းခေါင်စာရင်း ရလာဒ်များကို ထုတ်ပြန် ကြေညာခြင်း | ၂၄ |
| ၁၄။ ၂၀၁၄ခုနှစ် မြန်မာနိုင်ငံ သန်းခေါင်စာရင်းဆိုင်ရာ ကိန်းဂဏန်းများ | ၂၅ |
| ၁၅။ နိဂုံး | ၂၇ |




၂၀၁၃ခုနှစ် ဧပြီလအတွင်း ဆောင်ရွက်ခဲ့သော စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရာတွင် သန်းခေါင်စာရင်း မေးခွန်းပုံစံများ ဖြည့်စွက်နေသည့် စာရင်းကောက်ဒေါ်သွယ်သွယ်ဦး
(ဓါတ်ပုံ- ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့/ပြည်ကျော်မြင့်)

**မျက်နှာဖုံးပုံ** ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့/ပြည်ကျော်မြင့်/Benny Manser

# ၁။ နိဒါန်း



## မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကို ၁၉၈၃ခုနှစ်က နောက်ဆုံးအကြိမ် ကောက်ခံခဲ့သည်ဖြစ်ရာ နှစ်ပေါင်း ၃၀ကျော်ပြီ ဖြစ်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် မတ်လ (၃၀) ရက်နေ့မှ ဧပြီလ (၁၀) ရက်နေ့အထိ ကောက်ယူမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကို ၁၉၈၃ ခုနှစ်တွင် နောက်ဆုံးအကြိမ် ကောက်ယူခဲ့ပြီး သန်းခေါင်စာရင်း မကောက်ယူနိုင်ခဲ့သည်မှာ နှစ်ပေါင်း (၃၀)ကျော် ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ တိကျမှန်ကန်သော စာရင်းအင်းအချက်အလက်များသည် တိုင်းပြည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ တိုင်းပြည်ဖွံ့ဖြိုးမှုနှင့် လူဦးရေတိုးတက်မှုကို တိုင်းတာရန်အတွက် နိုင်ငံအသီးသီးအား (၁၀)နှစ်လျှင်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူရန် ကမ္ဘာ့ကုလသမဂ္ဂမှ အကြံပြုထားပါသည်။ ကုလသမဂ္ဂ၏ ကမ္ဘာ့သန်းခေါင်စာရင်းကောက်ယူမှု အစီအစဉ်အရ ၂၀၁၅ ခုနှစ်မှစ၍ နိုင်ငံပေါင်း (၂၀)တွင် သန်းခေါင်စာရင်းကောက်ယူပြီး ဖြစ်သည်ဟုသိရပါသည်။

မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် စီမံကိန်းလုပ်ငန်းများအတွက် အကျိုးရှိသော ပံ့ပိုးမှုတစ်ရပ်ဖြစ်ပြီး သန်းခေါင်စာရင်းမှရရှိသော လူထုလူတန်းစားအလွှာပေါင်းစုံမှ လူဦးရေနှင့် အိမ်ထောင်စုများ၏ လူမှုရေး၊ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များသည် မြန်မာနိုင်ငံ၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး၊ လက်ရှိနှင့် အနာဂါတ်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တို့အတွက် များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။ ပြည်သူအားလုံး၏ လူနေမှုအဆင့်အတန်း တိုးတက်ရေးအတွက် လိုက်လျောညီထွေမှုရှိသော မူဝါဒနှင့် စီမံကိန်းများ ချမှတ်နိုင်ရန် အစိုးရ၊ ပြည်သူလူထု၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် လက်တွဲဆောင်ရွက်နေသူများနှင့် အချက်အလက် အသုံးပြုသူများသည် တိကျမှန်ကန် ဆီလျော်မှုရှိပြီး အချိန်နှင့်တပြေးညီ ဖြစ်သည့် စာရင်းအချက်အလက်များ လိုအပ်ပါသည်။

▲ ၂၀၁၃ခုနှစ် ဧပြီလအတွင်း စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းကောက်တစ်ဦးမှ အိမ်ထောင်ဦးစီးတစ်ဦးအား မေးမြန်းစဉ်
(ဓါတ်ပုံ- ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့/ပြည်ကျော်မြင့်)

သန်းခေါင်စာရင်းတစ်ခု၏ အောင်မြင်မှုကို ကောက်ယူရရှိသည့် အချက်အလက်များ၏ တိကျမှန်ကန်မှုဖြင့် တိုင်းတာပါသည်။ တိကျမှန်ကန်သော သန်းခေါင်စာရင်း အချက်အလက်များရရှိရန် စာရင်းကောက်ယူချိန်တွင် ဖြေဆိုသူထံမှ ရရှိသော အချက်အလက်များသည် ပြည့်စုံမှန်ကန်ရမည် ဖြစ်ပါသည်။ ပြည်သူလူထုသည် သန်းခေါင်စာရင်း လုပ်ငန်းစဉ်များကို သိရှိနားလည်သဘောပေါက်ပြီး ပြည်သူလူထု၏ ပူးပေါင်းပံ့ပိုးမှုကို ရရှိမှသာ ပြည့်စုံမှန်ကန်သော အချက်အလက်များ ရနိုင်မည်ဖြစ်ပါသည်။ ပြည်သူလူထုမှ သန်းခေါင်စာရင်းကောက်ယူမှုကို ကူညီပံ့ပိုးလာနိုင်ရန် အတွက် လူတိုင်းအား သန်းခေါင်စာရင်း၏ အကျိုးကျေးဇူးများနှင့် ၎င်းတို့၏ အရေးပါမှု အခန်းကဏ္ဍကို မှန်ကန်စွာ သိမြင်စေရန် လိုအပ်ပါသည်။ သို့ဖြစ်၍ သန်းခေါင်စာရင်းဆိုင်ရာ အဓိကသတင်းအချက်အလက်များကို လူတိုင်းက ရှင်းလင်းတိကျစွာ ထင်သာမြင်သာအောင် သိရှိရန် အလွန်ရေးကြီးပါသည်။ ဤလမ်းညွှန်စာစောင်သည် မီဒီယာများ၊ ခေါင်းဆောင်များနှင့် ပြည်သူလူထုအတွက် သန်းခေါင်စာရင်းဆိုင်ရာ အဓိကသတင်းအချက်အလက်များကို မျှဝေပေးနိုင်ရန် ရည်ရွယ်ပါသည်။ အခြားသတင်းအချက်အလက်များ ထပ်မံသိရှိလိုပါက သင်နှင့်အနီးဆုံးနေရာရှိ သန်းခေါင်စာရင်းရုံး များတွင် မေးမြန်းနိုင်ပါသည်။

## ၂။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုသည်မှာ

လူဦးရေသန်းခေါင်စာရင်း ဆိုသည်မှာ နိုင်ငံသူနိုင်ငံသားအားလုံး၏ လူမှုစီးပွားရေးနှင့် လူဦးရေဆိုင်ရာ သတင်းအချက်အလက်များကို ကောက်ယူခြင်း၊ စုစည်းခြင်း၊ တွက်ချက်ခြင်း၊ ဆန်းစစ်ခြင်းနှင့် ထုတ်ပြန်ခြင်း လုပ်ငန်းစဉ်တစ်ခုလုံးကို ဆိုလိုပါသည်။ တစ်နည်းဆိုသော် သန်းခေါင်စာရင်းဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်တစ်ခုအတွင်း နိုင်ငံတစ်နိုင်ငံအတွင်း နေထိုင်သူအားလုံးကို ရေတွက်ခြင်းဖြစ်ပါသည်။ သန်းခေါင်စာရင်းကောက်ယူသည့် ကာလအတွင်း စာရင်းကောက်များမှ လူဦးရေနှင့် အိမ်ထောင်စုများ၏ အရွယ်အစား၊ လူဦးရေပြန့်နှံ့ချက်၊ လူဦးရေဖွဲ့စည်းမှုနှင့် အခြား လူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာများကို ကောက်ယူခြင်းဖြစ်ပါသည်။

လူဦးရေတိုးတက်မှု၊ လူဦးရေဝိသေသ လက္ခဏာများ ပြောင်းလဲမှုများနှင့် လူမှုစီးပွား ဖွံ့ဖြိုးမှုဆိုင်ရာ အချက်အလက်များ ရရှိနိုင်ရန်အတွက် သန်းခေါင်စာရင်းကို (၁၀) နှစ်လျှင်တစ်ကြိမ် ကောက်ယူလေ့ရှိပါသည်။ သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များသည် နိုင်ငံတော်အစိုးရ၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် လက်တွဲဆောင်ရွက်သူများ၊ မြို့ပြအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍများ၏ စီမံကိန်းများ ရေးဆွဲခြင်း၊ မူဝါဒများ အကောင်အထည်ဖော်ခြင်း၊ လိုအပ်သော အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ထောက်ပံ့ကူညီပေးနိုင်မည် ဖြစ်ပါသည်။ ဥပမာ နိုင်ငံတော်အစိုးရသည် လက်ရှိကျောင်းနေအရွယ်ကလေး အရေအတွက်နှင့် နောင်လာမည့် ငါးနှစ်အတွင်း ကျောင်းနေမည့်ကလေး အရေအတွက်ကို သိရှိမည်ဆိုပါက မည်သည့်နေရာတွင် စာသင်ကျောင်း မည်မျှဆောက်လုပ်ရမည်၊ လေ့ကျင့်ပေးရန် ဆရာ/ဆရာမ မည်မျှလိုမည်ကို တွက်ချက်နိုင်မည်ဖြစ်သည်။ သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များသည် တိကျမှန်ကန်မှုမရှိပါက စာသင်ကျောင်းများနှင့် ဆရာ/ ဆရာမများကို မလိုအပ်သော နေရာများတွင် ခန့်ထားခြင်းများ ဖြစ်နိုင်ပါသည်။ အလားတူ ဆေးဝါးထောက်ပံ့မှုပေးခြင်း၊ အိမ်ထောင်စုများအတွက် သန့်ရှင်းသောရေ၊ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးခြင်း အစရှိသည်တို့အတွက်လည်း

တိကျမှန်ကန်သော သန်းခေါင်စာရင်း အချက်အလက်များ လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကောက်ပြီး နောက်ပိုင်းတွင် အကြောင်း အမျိုးမျိုးကြောင့် သန်းခေါင်စာရင်း ကောက်ယူနိုင်ခြင်း မရှိသည့်အတွက် သုတေသန လုပ်ငန်း၊ စစ်တမ်း ကောက်ယူခြင်းနှင့် မူဝါဒများကို ချမှတ်ရာတွင် လက်ရှိ အခြေအနေနှင့် ကိုက်ညီမှု ရှိအောင် ဆောင်ရွက် ရမည်လည်း ဖြစ်ပါသည်။



မြန်မာနိုင်ငံ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အကောင်အထည်ဖော် ဆောင်ရွက်မည့် ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ

**“သတ်မှတ်ထားသော အချိန်တွင် နိုင်ငံအတွင်းရှိ ပြည်သူအားလုံးကို သန်းခေါင်စာရင်း ကောက်ယူမည် ဖြစ်သည်။”**

# ၃။ မည်သူတွေ စာရင်းကောက်ခံရမည်နည်း။

(က) သန်းခေါင်စာရင်းရည်ညွှန်းချိန် (၂၀၁၄ ခုနှစ် မတ်လ ၂၉ရက်နေ့ ညသန်းခေါင်ယံ) တွင် မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရှိ လူတိုင်းကို စာရင်းကောက်ယူမည်ဖြစ်ပါသည်။ ထိုသန်းခေါင်စာရင်းကောက်ယူမှုတွင် ပုံမှန် အိမ်ထောင်စုများတွင် နေထိုင်သော အိမ်ထောင်စုဝင်များ၊ အဖွဲ့အစည်းများနှင့် အိမ်ခြေယာခြေမဲ့များပါဝင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများသာမက နိုင်ငံခြားသားများလည်း ပါဝင်မည်ဖြစ်ပါသည်။

(ခ) နိုင်ငံခြားတိုင်းပြည်များတွင် နေထိုင်သော (သို့မဟုတ်) အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများ၏ အချက်အလက်များကိုလည်း ရယူမည်ဖြစ်ပါသည်။ ထိုသို့ကောက်ယူရရှိထားသော အချက်အလက်များကို စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များတွင်သာ အသုံးပြုမည်ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်အောင် အသုံးပြုမည်မဟုတ်ပါ။ ဖြည့်သွင်းပြီးသော မေးခွန်းလွှာများမှ ရရှိသည့် အချက်အလက်များကို ပေါင်းစပ် စုစည်းထားသည့် အချက်အလက်များသည် ပြည်ထောင်စုအဆင့်မှသည် ရပ်ကွက်ကျေးရွာအုပ်စုအဆင့်ထိ ပြည်သူများ၏ လူနေမှုအဆင့်အတန်း အနေအထားကို ဖော်ပြနိုင်မည် ဖြစ်ပါသည်။ အချက်အလက်များသည် တစ်ဦးတစ်ယောက်ချင်းအတွက် သီးခြားပြုစုထားခြင်းမဟုတ်ပါ။ ဖြေဆိုသောအဖြေများအားလုံး လုံခြုံမှုရှိကာ မည်သူတစ်ဦးတစ်ယောက်မျှ ကြည့်ရှုခွင့်မရှိပါ။ မေးခွန်းလွှာအားလုံးကို လျှို့ဝှက်ထားမည်ဖြစ်ပြီး မည်သူ တစ်ဦးတစ်ယောက်ကိုမျှ အကြောင်းတစ်စုံတစ်ရာကြောင့် အခက်အခဲဖြစ်စေမည် မဟုတ်ပါ။ သို့ဖြစ်၍ ပြည်သူလူထု အနေဖြင့် အချက်အလက်များကို မှန်မှန်ကန်ကန် ဖြေကြားရန် တိုက်တွန်းလိုပါသည်။

သန်းခေါင်စာရင်း ရည်ညွှန်းချိန်တွင်ရှိသော လူအားလုံးကို သန်းခေါင်စာရင်းကောက်ယူရာတွင် အောက်ပါအတိုင်း အမျိုးအစားများခွဲ၍ ကောက်ယူမည် ဖြစ်ပါသည် -

### (၁) ပုံမှန်အိမ်ထောင်စုများ

ပုံမှန် အိမ်ထောင်စုတစ်စုတွင် လူတစ်ဦး (သို့) လူပုဂ္ဂိုလ်တစ်စုပါဝင်ပြီး ၎င်းတို့သည် တစ်အိမ်တည်းနေ တစ်အိုးတည်းစား နေထိုင်စားသောက်ကြသူများ ဖြစ်သည်။

### (၂) အဖွဲ့အစည်း(သို့မဟုတ်)စုစည်းနေထိုင်သောအိမ်ထောင်စုများ

အဖွဲ့အစည်း (သို့မဟုတ်) စုစည်းနေထိုင်သော မိသားစုဆိုသည်မှာ နေထိုင်သူအားလုံးတို့သည် သွေးသားတော်စပ်သည်ဖြစ်စေ၊ မတော်စပ်သည်ဖြစ်စေ (သို့မဟုတ်) လက်ထပ်ထားခြင်းရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ သတ်မှတ်ထားသော အဆောက်အဦးတစ်ခုကို အိမ်အဖြစ်အသုံးပြု၍ အတူတကွ အသုံးပြုနေထိုင်ကြခြင်း ဖြစ်သည်။ ဥပမာ- ဟိုတယ်များ၊ ဘုန်းကြီးကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ တပ်စခန်းများ၊ ထောင်များအစရှိသည်တို့ကို ဆိုလိုသည်။

### (၃) အထူးလူဦးရေအုပ်စုများ

ဤအုပ်စုတွင် အိုးမဲ့အိမ်မဲ့ဖြစ်နေသူများ၊ ရေကြည်ရာမြက်နုရာ လှည့်လည်သွားလာနေထိုင်သူများ၊ လေဆိပ်နှင့် ပင်လယ်ဆိပ်ကမ်းတို့တွင် လေယာဉ်(သို့မဟုတ်) သင်္ဘောအကူးအပြောင်းပြုရန် ခေတ္တ ခဏရောက်နေသူများ၊ နယ်စပ်ဖြတ်ကျော်လာသူများပါဝင် ပါသည်။

### (၄) ယာယီကယ်ဆယ်ရေးစခန်းများ (Temporary shelters) တွင်နေထိုင်သူများ

သန်းခေါင်စာရင်း ရည်ညွှန်းချိန်အတွင်း၌ ယာယီကယ်ဆယ်ရေး စခန်းများ (Temporary shelters) တွင် နေထိုင်လျက်ရှိသူများကိုလည်း ထည့်သွင်းကောက် ယူမည်ဖြစ်ပါသည်။ ၎င်းတို့၏ နေထိုင်မှု အစီအစဉ်များအပေါ် မူတည်၍ အထူးအစီအစဉ်များ ပြုလုပ်၍ ဤအုပ်စုတွင် ထည့်သွင်းကောက်ယူမည် ဖြစ်ပါသည်။ အိမ်ထောင်စု အားလုံးနှင့် အထူးလူဦးရေအုပ်စုများကို စာရင်းကောက် ယူနိုင်ရန် ပြည့်စုံတိကျသေချာသောအစီအစဉ်များ ပြုလုပ်ပေးရမည်ဖြစ်ပါသည်။



၂၀၁၃ခုနှစ် ဧပြီလအတွင်း စမ်းသပ်သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းကောက်တစ်ဦးမှ အိမ်ထောင်ဦးစီးတစ်ဦးအား မေးမြန်းစဉ် (ဓါတ်ပုံ- ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့/ပြည်ကျော်မြင့်)

**“၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် မြန်မာနိုင်ငံအတွင်းတွင် ရှိနေသူအားလုံးကို နိုင်ငံသားအမျိုးအစားမရွေး၊ နေရာမရွေး သန်းခေါင်စာရင်းကောက်ယူမည်ဖြစ်ပါသည်။”**

# ၄။ မည်သည့်နေရာတွင် သန်းခေါင်စာရင်း အကောက်ခံရမည်နည်း။



**"၂၀၁၄ ခုနှစ် မတ်လ (၂၉)ရက်နေ့ ညသန်းခေါင်ယံအချိန်တွင် ရှိနေသည့် နေရာ၌ စာရင်းဝင်မည် ဖြစ်ပါသည်။"**

၂၀၁၄ ခုနှစ်မြန်မာနိုင်ငံသန်းခေါင်စာရင်းတွင် တွေ့ရှိရာ အရပ်တွင် ကောက်ယူသည့်မှုကို အသုံးပြုမည်ဖြစ်ပါသည်။ ထိုမှုအရ သတ်မှတ်ထားသော အချိန်တွင် တွေ့ရှိသောသူ အားလုံးကို ကောက်ယူမည်ဖြစ်ပါသည်။ ဤ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအတွက် ရည်ညွှန်းချိန်သည် ၂၀၁၄ ခုနှစ်မတ်လ (၂၉) ရက်နေ့ သန်းခေါင်ယံအချိန်ဖြစ်ပါသည်။ ဥပမာ၊ သန်းခေါင်စာရင်း ကောက်ယူမည့် ရည်ညွှန်းချိန် ဖြစ်သော မတ်လ(၂၉)ရက် ညသန်းခေါင်ယံအချိန်တွင် ဒေါ်ယဉ်ယဉ်သည် သူ၏သူငယ်ချင်းဖြစ်သော ဒေါ်နန္ဒာစိန်၏ အိမ်တွင် ညအိပ်သည် ဆိုပါက ဒေါ်ယဉ်ယဉ်အား ဒေါ်နန္ဒာစိန်၏ အိမ်တွင် စာရင်းသွင်းရမည် ဖြစ်ပါသည်။ ဤနေရာတွင် စာရင်းကောက်များ ဒေါ်နန္ဒာစိန်၏ အိမ်သို့ ရောက်ရှိလာပါက မေးခွန်းမေးမြန်းသူအနေဖြင့် သန်းခေါင်စာရင်းရည်ညွှန်းချိန်တွင် ဒေါ်နန္ဒာစိန် အိမ်တွင်ရှိနေသူ အားလုံးကို ကြိုတင်သိရှိရန် လိုအပ်ပါသည်။ ထို့ကြောင့် ဒေါ်ယဉ်ယဉ်အား သူ၏ ကိုယ်ပိုင်နေအိမ်တွင် ရှိသူအဖြစ် စာရင်းမသွင်းဘဲ ဒေါ်နန္ဒာစိန်၏အိမ်တွင် သန်းခေါင်စာရင်း ရည်ညွှန်းချိန်၌ ရှိနေသူတစ်ယောက်အဖြစ် ကောက်ယူရမည် ဖြစ်ပါသည်။ အခြားမေးခွန်းများတွင် သူမ မည်သည့်နေရာတွင် အမြဲနေထိုင်သည်ကို သိရှိနိုင်မည် ဖြစ်ပါသည်။

▲မန္တလေးမှ ရပ်ရွာ ခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုသဲမှ အိမ်နီးချင်းကလေးငယ်များအား အိမ်စာများ ကူညီပေးစဉ် (ဓါတ်ပုံ- ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့/ပြည်ကျော်မြင့်)

သတိပြုရန်မှာ သန်းခေါင်စာရင်း ရည်ညွှန်းချိန်တွင် နိုင်ငံအတွင်းရှိနေသူအားလုံးကို စာရင်းကောက်ယူရပါမည်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန်နောက်ပိုင်းတွင် မွေးဖွားသည့်ကလေးများကို စာရင်းသွင်းရမည်မဟုတ်ကြောင်း သိရှိရန် အရေးကြီးပါသည်။ သို့သော် ရည်ညွှန်းချိန်နောက်ပိုင်းမှသေဆုံးသူ (ထိုပုဂ္ဂိုလ်သည် ရည်ညွှန်းချိန်တွင် အသက်ရှင်လျက်ရှိသူ) ကိုမူ စာရင်းသွင်းရမည်ဖြစ်ပါသည်။

# ၅။ မည်သည့်အချိန်တွင် မည်မျှကြာအောင် စာရင်းကောက်ယူမည်နည်း။

မြေပြင်ကွင်းဆင်း သန်းခေါင်စာရင်း ကောက်ယူမှုကို ၁၂ ရက်ကြာ ဆောင်ရွက်မည် ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် မတ်လ (၃၀) ရက်နေ့မှ ဧပြီလ (၁၀) ရက်နေ့အထိ ကောက်ယူမည်ဖြစ်ပါသည်။

သန်းခေါင်စာရင်း ကောက်ယူသည့် နောက်ဆုံးနေ့ (၂၀၁၄ ခုနှစ် ဧပြီလ ၁၀ ရက်နေ့) တွင် စာရင်းကောက်များမှ သင်၏ နေအိမ်တွင် စာရင်းကောက်ခဲ့ခြင်းလည်းမရှိ၊ သန်းခေါင်စာရင်း ကောက်ယူပြီးစီးကြောင်း သင်္ကေတကတ်ပြားလည်း ကပ်ထားခြင်း မရှိပါက ရပ်ကွက်/ ကျေးရွာအုပ်စု သန်းခေါင်စာရင်းရုံးသို့ သတင်းပို့ရန် လိုပါသည်။ ကောက်ယူရန် အစီအစဉ်များ လုပ်ပေးပါမည်။ သန်းခေါင်စာရင်းတွင် အိမ်ထောင်စုတိုင်း ပါဝင်ရေးသည် လူတစ်ဦးချင်း၏ အခွင့်အရေးနှင့် တာဝန်သာဖြစ်ပါသည်။



၂၀၁၃ခုနှစ် ဧပြီလအတွင်း စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရာတွင် စာရင်းကောက်တစ်ဦးမှ အိမ်ထောင်ဦးစီး တစ်ဦးအား မေးမြန်းစဉ် ▲

၂၀၁၃ခုနှစ် မတ်လနှင့် ဧပြီလတွင်း စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရာတွင် စာရင်းကောက် ဒေါ်လှလှဌေး မန္တလေးရှိ အလှပြင်ဆိုင်တစ်ခုတွင် ရောက်ရှိစာရင်းကောက်ယူစဉ် (ဓါတ်ပုံ- ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့/ ၂၀၁၃/ ပြည်ကျော်မြင့်) ▼



# ၆။ စာရင်းကောက်ယူခြင်းကို ဘယ်လိုပြီးဆုံးအောင် ကောက်မည်နည်း။

သန်းခေါင်စာရင်း ကောက်ယူနေသည့်ကာလအတွင်း စာရင်းကောက် ဆရာ/ဆရာမ တစ်ဦးသည် ၄င်းစာရင်း ကောက်ယူရမည့် နယ်မြေအတွင်းရှိ အိမ်တိုင်းကို တစ်အိမ်တက်ဆင်း စာရင်းကောက်ယူမည် ဖြစ်ပါသည်။ စာရင်းကောက်သည် အိမ်ထောင်စုတွင် ရှိသော အိမ်ထောင်ဦးစီးအား မေးမြန်းရပါမည်။ အချို့ကိစ္စများတွင် လိုအပ်ပါက အိမ်တွင်ရှိနေသည့် အခြားအိမ်ထောင်စုဝင် တစ်ဦးအား မေးမြန်းရပါမည်။ အိမ်ထောင်စုဝင် အရေအတွက်ပေါ်မူတည်၍ စာရင်းကောက်ချိန် ခန့်မှန်းခြေ (၂၅)မိနစ်ခန့် ကြာမည် ဖြစ်ပါသည်။ ထိုသို့မေးမြန်းရာတွင် အိမ်ထောင်ဦးစီး (သို့မဟုတ်) အိမ်ထောင်စု တစ်ခုလုံး၏ ကိုယ်စားတာဝန်ယူ ဖြေကြားနိုင်မည့် အရွယ်ရောက်ပြီးသူကို မေးမြန်းရပါမည်။ သို့သော် အချို့ ဖြေကြားချက်များကို အတည်ပြုနိုင်ရန်အတွက် အခြား အိမ်ထောင်စုဝင်များကို မေးမြန်းရန် လိုအပ်နိုင်ပါသည်။ သို့ဖြစ်၍ စာရင်းကောက် လာရောက်မေးမြန်းသည့်အချိန်၌ မိမိအိမ်ထောင်စုတွင် အိမ်ထောင်စုဝင်အားလုံး ရှိနေရန် အရေးကြီးပါသည်။ သန်းခေါင်စာရင်း ကောက်ယူမည့် ၁၂ ရက်တာ ကာလအတွင်း မည်သည့်ရက်တွင် သင်၏ အိမ်ထောင်စုကို ကောက်ယူမည်ကို စာရင်းကောက်မှ ကြိုတင် အကြောင်းကြားထားမည် ဖြစ်ပါသည်။

သန်းခေါင်စာရင်း ရည်ညွှန်းချိန် ညသန်းခေါင်ယံ၌ အိမ်ထောင်စုတွင်ရှိသော လူအားလုံးသာလျှင် စာရင်းဝင်ပါလိမ့်မည်။ သန်းခေါင်စာရင်းရည်ညွှန်းချိန်၌အိမ်ထောင်စုတွင်မရှိသောအခြားမိသားစုဝင်များအား သန်းခေါင်စာရင်းရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံအတွင်းရှိပြီး အခြားရောက်ရှိနေသောနေရာ၌ စာရင်းဝင်မည်ဖြစ်ပါသည်။

သင်၏အမည် အိမ်ထောင်စုစာရင်းတွင် ပါဝင်ခြင်းရှိ/မရှိကို သန်းခေါင်စာရင်းတွင် ထည့်သွင်းမေးမြန်းမည် မဟုတ်ပါ။ အိမ်ထောင်စုစာရင်းကို ပြသရန်လည်း တောင်းခံမည်မဟုတ်သလို မည်သည့်သန်းခေါင်စာရင်း အရာရှိ/စာရင်းကောက်ကိုမျှ အိမ်ထောင်စုစာရင်း ပြသရန် မလိုအပ်ပါ။

၂၀၁၃ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရာတွင် အသုံးပြုခဲ့သော မေးခွန်းပုံစံ
(ဓါတ်ပုံ- ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့/ပြည်ကျော်မြင့်)



စမ်းသပ်သန်းခေါင်စာရင်းရောက်ရာတွင် စာရင်းကောက်များမှ ကောက်ယူပြီးစီးသော အိမ်များကို ပြီးစီးကြောင်း အမှတ်အသားကတ်ပြားဖြင့် မှတ်သားထားသည်
(ဓါတ်ပုံ- ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့/၂၀၁၃/ပြည်ကျော်မြင့်)



# ၇။ သန်းခေါင်စာရင်း ဥပဒေ







### (၇.၁) လျှို့ဝှက်ထားမည့် ကိစ္စရပ်များ

သန်းခေါင်စာရင်း ကောက်ယူသည့် အချိန်အတွင်း ဖြေဆိုသူများထံမှ ကောက်ယူရရှိထားသော အချက်အလက်များကို လုံခြုံစွာ လျှို့ဝှက်ထားမည်ဖြစ်ပြီး သန်းခေါင်စာရင်းဥပဒေအရ စာရင်းအင်းဆိုင်ရာ အချက်အလက်များမှတစ်ပါး အခြား မည်သည့်ကိစ္စရပ်တွင်မျှ အသုံးပြုမည် မဟုတ်ပါ။ ဆိုလိုသည်မှာ အိမ်ထောင်စုများမှ ရရှိသော အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးအရာရှိများ၊ ရဲဌာနများနှင့် အခြားအာဏာပိုင်အဖွဲ့အစည်းများမှ အခွန် ကောက်ယူမှု (သို့မဟုတ်) ကိုယ်ရေးမှတ်ပုံတင် အချက်အလက်များအဖြစ်သုံးစွဲမှု စသည်တို့တွင် အသုံးမပြုရပါ။ သန်းခေါင်စာရင်းဆိုင်ရာ တာဝန်ရှိသူများသည် မည်သည့် လျှို့ဝှက်ချက်ကိုမျှ မပေါက်ကြားစေရန် ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း ထိန်းသိမ်းပေးရန် တာဝန်ရှိပါသည်။

စာရင်းကောက်ယူထားသည့် လူတိုင်း၏ အမည်ကို သန်းခေါင်စာရင်းမေးခွန်းပေါ်တွင် မှတ်တမ်းတင်ထားပါမည်။ အိမ်ထောင်စုဝင်များ ကျန်ခဲ့ခြင်း ရှိ/မရှိ၊ (သို့မဟုတ်) တစ်ကြိမ်ထက်ပို၍ ကောက်ယူထားခြင်းရှိ/မရှိကို သေချာစွာ ဆန်းစစ်နိုင်စေရန်အတွက် အမည်ကို မှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။ အချို့အခြေအနေတွင် စာရင်းများကို မှန်ကန်စွာကောက် ယူထားခြင်းရှိ/မရှိ၊ မှတ်သားထားသော အမည်များဖြင့် စစ်ဆေးရပါမည်။ ဥပမာ- စာရင်းကောက်သည် သင်၏အိမ်ကို အမှန်တကယ်ရောက်ရှိပြီး အိမ်ထောင်စုတွင်းရှိ လူတိုင်းကို မှန်ကန်စွာ စာရင်းကောက်ယူခဲ့ခြင်း ရှိ/မရှိကို စာရင်းစစ်အနေဖြင့် အိမ်ထောင်စုဝင်များ၏ အမည်ဖြင့် အပြန်အလှန်စစ်ဆေးမှုကို ပြုလုပ်ပါလိမ့်မည်။ သန်းခေါင်စာရင်း ရည်ညွှန်းချိန်တွင် သင်၏အိမ်၌ ရောက်ရှိနေသည့် ဧည့်သည်ကို သင်၏ အိမ်ထောင်စုစာရင်းတွင် မပါဝင်သော်လည်း ကောက်ယူရမည် ဖြစ်ပါသည်။ မည်သည့် စစ်ဆေးမေးမြန်းမှုမှ ပြုလုပ်မည်မဟုတ်ပါ။

၂၀၁၃ခုနှစ်၊ ဇူလိုင်လတွင် ပြဋ္ဌာန်းခဲ့သော လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေသည် မေးမြန်းခံရသူအား အကာအကွယ်ပြုထားပါသည်။ သန်းခေါင်စာရင်းကောက်ယူမှုတွင် တာဝန်ခံအရာရှိတစ်ဦးမှ သင်၏ ဥပဒေပါ ရပိုင်ခွင့်များကို ချိုးဖောက်ခဲ့ပါက သန်းခေါင်စာရင်း ကော်မတီအဆင့်ဆင့်ထံ အကြောင်းကြား ရပါမည်။

## (၇.၂) သန်းခေါင်စာရင်း ကောက်ယူခြင်း၌ ပူးပေါင်းပါဝင်ခြင်းသည် ပြည်သူတိုင်း၏ တာဝန်ဖြစ်သည်။

မြန်မာနိုင်ငံသည် ပြည်သူပြည်သား အားလုံး၏ အခွင့်အရေးကို လေးစားစွာ အသိအမှတ်ပြုပါသည်။ သန်းခေါင်စာရင်း ကောက်ယူမှုကို ကူညီပေးခြင်း၊ အကောက်ခံခြင်း၊ မှန်ကန်သော အချက်အလက်များ ပေးခြင်းသည် ပြည်သူပြည်သား အားလုံး၏ တာဝန်နှင့် အခွင့်အရေးပင်ဖြစ်ပါသည်။

သန်းခေါင်စာရင်း ရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံတွင်း ရောက်ရှိနေထိုင်သူအားလုံးသည် သန်းခေါင်စာရင်း အကောက်ခံခွင့် ရှိပါသည်။ အကယ်၍ စာရင်းကောက်မှ သင်၏အိမ်ထောင်စု (သို့မဟုတ်) တစ်ဦးဦးကို သန်းခေါင်စာရင်း ကောက်ယူရန် ငြင်းဆိုပါက အဆိုပါကိစ္စရပ်ကို စာရင်းစစ် (သို့မဟုတ်) ရပ်ရွာ အကြီးအကဲထံ သတင်းပို့ရမည် ဖြစ်ပါသည်။ ၎င်းတို့မှ မဆောင်ရွက်ပေးပါက တရားဥပဒေအရ ဆောင်ရွက်ပေးရန် သင်တောင်းဆိုနိုင်ပါသည်။ ပြည်သူပြည်သားများမှလည်း သန်းခေါင်စာရင်း အကောက်ခံပြီး မှန်ကန်သော အချက်အလက်များဖြေဆိုရန် တာဝန်ရှိပါသည်။ သန်းခေါင်စာရင်းတွင် မိမိနှင့် သက်ဆိုင်သော မေးခွန်းအားလုံးကို ဖြေကြားရမည် ဖြစ်ပါသည်။

**သန်းခေါင်စာရင်းကောက်ယူသည့် အချိန်အတွင်း၌ အောက်ပါအချက်များသည် ဥပဒေနှင့်ဆန့်ကျင်သော အပြုအမူများ ဖြစ်သည်ကို သတိပြုရန်မှာအရေးကြီးပါသည်-**

**(က) သန်းခေါင်စာရင်းအကောက်ခံရန် ငြင်းဆိုခြင်း**

**(ခ) တစ်ကြိမ်ထက် ပိုအကောက်ခံခြင်း**

**(ဂ) စာရင်းကောက်များအား မှားယွင်းသော အချက်အလက်များ ပေးခြင်း**

**(ဃ) စာရင်းကောက်များ (သို့မဟုတ်) အခြားသန်းခေါင်စာရင်း လုပ်ငန်းတာဝန်ရှိသူများ၏ အလုပ်တာဝန်များကို အနှောင့်အယှက် ပေးခြင်း**

**(င) စာရင်းကောက်အဖြစ် အယောင်ဆောင်ခြင်း**



**▲ မြန်မာနိုင်ငံတွင် နှစ်ပေါင်း၃ဝ ကြာပြီးမှ ပြုလုပ်မည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း (၂၀၁၄ခုနှစ်) ကောက်ယူရာတွင် အဓိက ပါဝင်ဆောင်ရွက်ကြမည့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီညီနှင့် သူ၏ ဝန်ထမ်းများ (ဓါတ်ပုံ- ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့/၂၀၁၃/ပြည်ကျော်မြင့်)**

# ၈။ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ခံပြီးစီးပါက မည်သည့် အချက်အလက်များကိုပေးမည်နည်း။

မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ခံ ပြီးစီးပါက ရရှိနိုင်မည့် အသုံးဝင်သော အချက်အလက်များစွာ ရရှိနိုင် ပါသည်။ အချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုဒေသအလိုက် နေထိုင်သော လူဦးရေ

(ခ) အသက်အုပ်စုအလိုက် လူဦးရေ

(ဂ) စာတတ်မြောက်မှုနှုန်း (စာရေးတတ်/ဖတ်တတ်သော လူဦးရေအချိုး)

(ဃ) အလုပ်လုပ်ကိုင်မှု အဆင့်အတန်း၊ အလုပ်လက်မဲ့နှင့် အလုပ်အကိုင် အမျိုးအစား အလိုက် လူဦးရေ

(င) မသန်စွမ်းသည့် လူဦးရေ

(စ) လူမျိုးအလိုက်၊ ကိုးကွယ်သည့် ဘာသာအလိုက် လူဦးရေ

(ဆ) နေအိမ် အမျိုးအစားနှင့် အိမ်အခြေအနေ

(ဇ) ရေ/လျှပ်စစ်မီးနှင့် အခြားအသုံးအဆောင်ပစ္စည်းများ လက်လှမ်းမီ ရရှိမှု အချိုးအစား

(ဈ) ကလေးမွေးဖွားနှုန်းနှင့် သေဆုံးနှုန်း

(ည) ပြည်တွင်း/ ပြည်ပ ပြောင်းရွှေ့သွားလာသည့် ပမာဏ

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် အစိုးရ၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်သူများနှင့် မြို့ပြလူမှုအဖွဲ့အစည်းများ၏ အောက်ဖော်ပြပါအရေးကြီးသောအခန်းကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာမူဝါဒများ ချမှတ်ရာတွင် ပံ့ပိုးကူညီနိုင်လိမ့်မည်လည်း ဖြစ်ပါသည် -

### (၈.၁) ပညာရေးကဏ္ဍ

သန်းခေါင်စာရင်းမှ ရရှိသော အချက်အလက်များမှ စာတတ်မြောက်မှု အဆင့်အတန်းနှင့် ကျောင်းတက်နှုန်းကို တိုင်းတာရန်၊ ပညာရေးစီမံကိန်းများ ရေးဆွဲရန်အတွက် အောက်ပါသတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်မည် ဖြစ်ပါသည်-

**(က) စာဖတ်တတ်၊ စာရေးတတ်သော လူဦးရေ (စာတတ်မြောက်မှုနှုန်း)**

**(ခ) ကျောင်းတက်ဖူးသော သူများ၏ အမြင့်ဆုံး ပညာရေးအဆင့်အတန်း**

**(ဂ) လက်ရှိတွင် ကျောင်းမတက်သော ကျောင်းနေရွယ် ကလေးအရေအတွက်**

အထက်ပါသတင်း အချက်အလက်များသည် ပညာရေး ကဏ္ဍတွင် နောက်ကျ ကျန်ရစ်ခဲ့သော ဒေသများကို ဖေါ်ထုတ်နိုင်သဖြင့် ၎င်းဒေသများအတွက် လိုအပ်ချက်များကို ထပ်တိုး ကြိုးစားအားထုတ် ပေးနိုင်သောကြောင့် အလွန်အသုံးဝင်သော အချက်အလက်များ ဖြစ်ပါသည်။ ဥပမာ- အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိသော စာတတ်မြောက်မှု အစီအစဉ်များကိုပို၍ တွန်းအားပေးပြုလုပ်စေခြင်းဖြစ်ပါသည်။ ပညာအရည်အချင်းနှင့် ပညာရေး ပြီးဆုံးအောင်မြင်မှုနှုန်းများကို ကျားမအလိုက် ဆန်းစစ်ခြင်းတို့တွင်လည်း အသုံးဝင်သော အချက်အလက်များဖြစ်ပါသည်။



## (၈.၂) ကျန်းမာရေးကဏ္ဍ

သန်းခေါင်စာရင်းသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှု အဆင့်တိုင်းအတွက် ပြည်သူ့ကျန်းမာရေး စီမံကိန်းများ ရေးဆွဲရာတွင် အသုံးဝင်သော အချက်အလက်များကို ပေးနိုင်မည် ဖြစ်ပါသည်။ အကယ်၍ ဒေသတစ်ခုသည် အခြားဒေသများနှင့် နှိုင်းယှဉ်လျှင် သေဆုံးနှုန်းများနေသည်ကို သန်းခေါင်စာရင်းအရ တွေ့ရှိပါက ထိုဒေသတွင် ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများပိုမိုတိုးတက်ရန်အတွက် ဆန်းစစ်လေ့လာခြင်း၊ သုတေသနပြုလုပ်ခြင်းနှင့် စီမံကိန်း ရေးဆွဲခြင်း လုပ်ငန်းများအားတိုးမြှင့် ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်ပါသည်။ ထိုနည်းတူစွာ ကလေးမွေးဖွား နှုန်းမြင့်မားသည့် ဒေသများအတွက် မိခင်စောင့်ရှောက်မှု၊ မွေးကင်းစကလေးနှင့်ကလေးငယ်စောင့်ရှောက်မှုများပါဝင်သော မျိုးဆက်ပွားကျန်းမာရေး ဝန်ဆောင်မှုများကို တိုးမြှင့် ဆောင်ရွက်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။ ဤသို့တိုးမြှင့် ဆောင်ရွက်နိုင်ရန်အတွက် သားဆက်ခြား ဆေးဝါးနှင့် ပစ္စည်းများ၊ မွေးဖွါးမှုဆိုင်ရာ ပံ့ပိုးပစ္စည်းများနှင့် မမွေးဖွားမီနှင့် မွေးဖွားပြီး ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများကို တိုးမြှင့် ဆောင်ရွက် ပေးရန် လိုအပ်မည် ဖြစ်ပါသည်။



## (၈.၃) အလုပ်အကိုင်ကဏ္ဍ

ထိရောက်မှုရှိသည့် အလုပ်သမားရေးရာမူဝါဒများ ရေးဆွဲနိုင်ရန်အတွက် အလုပ်လုပ်နိုင်သည့် လုပ်သားအင်အား အရွယ်အစား မည်မျှရှိသည်ကို သိရှိရန် လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရနှင့် စာရင်းအင်း ပညာရှင်များသည် ဤသန်းခေါင်စာရင်းမှ ရရှိသော အချက်အလက်များကို အသုံးပြု၍ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးသည့် အစီအစဉ်များ ရေးဆွဲရာတွင် ၂၀၁၄ခုနှစ် သန်းခေါင် စာရင်းမှ လုပ်ငန်းခွင်ရှိ လုပ်သားအမျိုးအစား၊ လုပ်ငန်းခွင်တွင် မပါဝင်သော လုပ်သားအမျိုးအစားနှင့် အလုပ်မလုပ်သူ အမျိုးအစား စသည့် အချက်အလက်များကို အခြေခံ၍ အောက်ဖေါ်ပြပါ အချက်အလက်များကို ပံ့ပိုးနိုင်မည်ဖြစ်ပါသည်-

**(က)** **လုပ်ငန်းခွင်ရှိ လူဦးရေနှင့် အလုပ်အကိုင်အမျိုးအစား၊**

**(ခ)** **လုပ်ငန်းခွင်၌မရှိသော လူဦးရေနှင့် အလုပ်မလုပ်သည့် လူဦးရေတို့ကို အသက်၊ အုပ်ချုပ်မှုဧရိယာ စသည်တို့အလိုက် ပြန့်နှံ့ချက်၊**

**(ဂ)** **ကျောင်း (သို့မဟုတ်) အခြားပညာရေးဆိုင်ရာ ကျောင်းများ တက်နေဆဲလူဦးရေနှင့် ၎င်းတို့ အတန်းပညာ ပြီးဆုံး၍ အလုပ်အကိုင်လိုအပ်နေသည့်လူဦးရေ၊**

## (၈.၄) အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကဏ္ဍ

ကမ္ဘာ့လူ့ဘောင်အဖွဲ့အစည်းအများစုတွင် အမျိုးသမီးများ၏ ပညာရေး၊ လူမှုရေးနှင့် နိုင်ငံရေး အခွင့်အရေး အပြည့်အဝ ရရှိရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြပါသည်။ သန်းခေါင်စာရင်းမှ အမျိုးသမီးများနှင့် သက်ဆိုင်သည့် အောက်ပါ အချက်အလက်များကို ပေးနိုင်ပါလိမ့်မည်-

(က) **အမျိုးသမီးဦးရေ စုစုပေါင်းနှင့် နိုင်ငံတစ်ဝှမ်းတွင် ပြန့်နှံ့ပါဝင်မှု၊**

(ခ) **အမျိုးသမီးများ၏ ပညာရေး၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် လူမှုရေးလိုအပ်ချက်များ လက်လှမ်းမီမှု အခြေအနေ၊**

(ဂ) **အမျိုးသမီး အိမ်ထောင်ဦးစီး အရေအတွက်၊**



## (၈.၅) အိမ်အကြောင်းအရာ ကဏ္ဍ

နိုင်ငံတော်အတွက် ထိရောက်သော အိုးအိမ်နေရာချထားခြင်းဆိုင်ရာမူဝါဒများချမှတ်ရန်နှင့် လက်ရှိနေအိမ်များနှင့် အိမ်ယာအသုံးအဆောင်များ ပိုမိုကောင်းမွန်တိုးတက်လာစေရေးအတွက် အောက်ဖော်ပြပါ လက်ရှိနေအိမ် အခြေအနေများနှင့် အသုံးပြုလျက်ရှိသော ပစ္စည်းများ အခြေအနေများကို သိရှိရန်လိုအပ်ပါသည်–

(က) **အိမ်အမျိုးအစားများနှင့်အနေအထား၊** ပြည်သူများ နေထိုင်လျက်ရှိသောနေအိမ် အမျိုးအစားနှင့် ယင်းအိမ်များဆောက်လုပ်ရာတွင် အသုံးပြုထားသည့် ပစ္စည်းများ၊

(ခ) **လျှပ်စစ်မီး၊** လျှပ်စစ်မီး အသုံးပြုနိုင်သော အိမ်ထောင်စု အရေအတွက်နှင့် အခြားစွမ်းအင်အသုံးပြုမှုများ၊

(ဂ) **သောက်သုံးရေရရှိမှု၊** သန့်ရှင်းသောသောက်သုံးရေ သုံးစွဲနိုင်သော အိမ်ထောင်စု(သို့မဟုတ်) လူဦးရေ အချိုးနှင့် သန့်ရှင်းသောရေ လိုအပ်နေသေးသည့် အိမ်ထောင်စုအရေအတွက်၊

(ဃ) **ကျန်းမာသန့်ရှင်းမှုဆိုင်ရာ အခြေအနေများ** လက်ရှိ ကျန်းမာသန့်ရှင်းမှုဆိုင်ရာ အခြေအနေများနှင့် အနာဂတ်ကျန်းမာသန့်ရှင်းမှု တိုးတက်ရေးအတွက် လိုအပ်ချက်၊

## (၈.၆) သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များကို အခြားကဏ္ဍများတွင် အသုံးပြုခြင်း

သန်းခေါင်စာရင်း ကောက်ယူခြင်းမှ ရရှိသော အချက်အလက်များကို ဖော်ပြပါကိစ္စရပ်များဆောင်ရွက်ရန် အသုံးပြုနိုင် ပါသည်-

(က) **ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များကို ရေးဆွဲခြင်းနှင့် ဆန်းစစ်ခြင်း၊**

(ခ) **ထုတ်လုပ်မှု၊ ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှု**
ပုဂ္ဂလိက ကဏ္ဍများသည် နိုင်ငံအတွင်း ၎င်းတို့၏ ထုတ်လုပ်မှု၊ ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုများတွင် ဆုံးဖြတ်ချက် ချနိုင်ရန် သန်းခေါင်စာရင်း အချက်အလက်များကို လိုအပ်ပါသည်။



# ၉။ သန်းခေါင်စာရင်း ကြိုတင်ပြင်ဆင်မှု လုပ်ငန်းများ



သန်းခေါင်စာရင်း မကောက်ယူမီ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းအဆင့်ဆင့်သည် သန်းခေါင်စာရင်းကောက်ယူမှုကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် လမ်းခင်းပေးသော ရှေ့ပြေးလုပ်ငန်းများ ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း မကောက်မီ ကြိုတင်ဆောင်ရွက်ပြီးသော အဓိက လုပ်ငန်းများနှင့် ဆောင်ရွက်ဆဲ အဓိကလုပ်ငန်း အချို့မှာ-

### (၉.၁) စာရင်းကောက် ဧရိယာနယ်နိမိတ် သတ်မှတ်ပေးခြင်း (မြေပုံရေးဆွဲခြင်း)

မြန်မာနိုင်ငံ၏ လက်ရှိအုပ်ချုပ်မှု နယ်နိမိတ်အရ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြေပုံများ ရေးဆွဲပြီး ရပ်ကွက်/ကျေးရွာ အုပ်စုများကို သေးငယ်သော ဧရိယာများခွဲခြင်းဖြင့် ကောက်ကွက်မြေပုံများ ရေးဆွဲခဲ့ပါသည်။ သန်းခေါင်စာရင်း ကောက်ယူမည့် (၁၂)ရက်တာ ကာလအတွင်း စာရင်းကောက် တစ်ယောက်သည် စာရင်းကောက်ကွက် တစ်ကွက်ကို ကောက်ယူရမည် ဖြစ်ပါသည်။ စာရင်းကောက်ကွက်များ သတ်မှတ်ပေးခြင်းဖြင့် စာရင်းကောက်များ စာရင်းကောက်ယူရမည့် ဧရိယာ ကျန်ခြင်း၊ ထပ်ခြင်း တို့ကို ကာကွယ်နိုင်ပါသည်။



### (၉.၂) စမ်းသပ်သန်းခေါင်စာရင်း

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူရန်အတွက် ပြင်ဆင်ထားသော လုပ်ငန်း အစီအစဉ်များသည် အမှန်တကယ် ကွင်းဆင်းကောက်သည့် အခါ လက်တွေ့ကျကျ ဆောင်ရွက်နိုင်ခြင်းရှိ မရှိနှင့် ပြုစုထားသော သန်းခေါင်စာရင်း မေးခွန်းပုံစံပါ မေးခွန်းများကို ဖြေကြားမည့်သူများမှ နားလည်လက်ခံနိုင်မှု ရှိမရှိတို့ကို ဆန်းစစ်ရန်အတွက် စမ်းသပ်သန်းခေါင် စာရင်းကောက်ယူမှုကို ၂၀၁၃ ခုနှစ် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ ရပ်ကွက် (၅) ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၁၅) ခုတွင် ဆောင်ရွက်ခဲ့ပါသည်။ စမ်းသပ်သန်းခေါင်စာရင်းမှ ရရှိသောအချက် အလက်များသည် ၂၀၁၄ ခုနှစ်တွင်ကောက်ယူမည့် ပင်မသန်းခေါင်စာရင်း အတွက် အပြီးသတ်လုပ်ငန်း အစီအစဉ်များ ရေးဆွဲရာတွင် အထောက်အကူဖြစ်စေပါသည်။

◀ ၂၀၁၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် အသုံးပြုရမည့် ကောက်ကွက်မြေပုံ ၁၇၀,၀၀၀ ကျော်ကိုအချောသပ် ထုတ်လုပ်နေပုံ (ဓါတ်ပုံ- ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့/ပြည်ကျော်မြင့်)

### (၉.၃) ခေါင်းဆောင်များနှင့် ပြည်သူလူထု၏ ပံပိုးမှုရယူခြင်း (အသိပညာပေးခြင်းနှင့် စည်းရုံးလှုပ်ရှားလှုံ့ဆော်ခြင်း)

မှန်ကန်ပြီး အရည်အသွေးပြည့်မီသော လူဦးရေသန်းခေါင်စာရင်းတစ်ခုကို ကောက်ယူနိုင်ရန်အတွက် အဆင့်အသီးသီးမှ ခေါင်းဆောင်များနှင့် ပြည်သူလူထုသည် သန်းခေါင်စာရင်း၏ သဘောသဘာဝကို သိရှိနားလည်ရန် လိုအပ်သလို ၎င်းတို့အနေဖြင့် မည်သို့ပူးပေါင်းပါဝင် ကူညီဆောင်ရွက် ပေးနိုင်သည်ကို သိရှိရန်လိုပါသည်။ ဤသို့သော ပူးပေါင်းဆောင်ရွက်မှုများကို သန်းခေါင်စာရင်းဆိုင်ရာ အသိပညာပေး အစီအစဉ်ကောင်းများနှင့် ပြည်သူလူထု နားလည်သိရှိစေသည့် စည်းရုံးလှုပ်ရှားမှုများမှ တစ်ဆင့် အားပေးခြင်းဖြင့်

(က) မူဝါဒရေးဆွဲသူများ၊ ခေါင်းဆောင်များနှင့် ပြည်သူလူထုအား သန်းခေါင်စာရင်း၏ အရေးပါမှုနှင့် သဘောတရားကို ထင်ထင်ရှားရှား သိရှိလာစေခြင်း၊

(ခ) မြန်မာနိုင်ငံအတွင်းရှိ ပြည်သူပြည်သားများ၏ အနေအထားကို ပေါ်လွင်စေမည့် မှန်ကန်တိကျသော သတင်းအချက်အလက်များကို ရရှိရန် လူတိုင်းပူပေါင်းပါဝင်မှု၏ အရေးပါမှုကို နားလည် သဘောပေါက်စေခြင်း၊

(ဂ) သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် ရပ်ရွာခေါင်းဆောင်များ၊ လုပ်အားပေးများနှင့် အသင်းအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍကို နားလည်စေခြင်း၊

(ဃ) သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းများ၌ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကိုရယူခြင်း၊

(င) အုပ်ချုပ်မှုဆိုင်ရာအဆင့်အသီးသီး (ပြည်ထောင်စု/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာအုပ်စု) ရှိ သန်းခေါင်စာရင်းကော်မတီအသီးသီး၏ သန်းခေါင်စာရင်း လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း၊





**မှန်ကန်တိကျသော သန်းခေါင်စာရင်းသာလျှင် တစ်တိုင်းပြည်လုံးကို အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။**

# ၁၀။ သင်၏ အခန်းကဏ္ဍ

မြန်မာနိုင်ငံ၏ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရန် လူတိုင်းသည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ အထူးသဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ စသည့် ခေါင်းဆောင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။ တိကျမှန်ကန်ပြည့်စုံမှုရှိသော သန်းခေါင်စာရင်းတစ်ခုသည် တစ်နိုင်ငံလုံးကို အကျိုးကျေးဇူးပြုမည် ဖြစ်ပါသည်။ သို့ဖြစ်၍ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်း အောင်မြင်စေရန်အတွက် သန်းခေါင်စာရင်း တာဝန်ခံအရာရှိများနှင့် ခေါင်းဆောင်အားလုံးများပါဝင်၍ အောက်ပါ အခန်းကဏ္ဍများတွင် ပါဝင်လုပ်ဆောင်သင့်ပါသည်-

(က) သန်းခေါင်စာရင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို မှန်ကန်စွာသိရှိပြီး ပြည်သူလူထု သိရှိနားလည် သဘောပေါက်အောင် ဆောင်ရွက်ခြင်း၊

(ခ) မိမိတို့၏ ပတ်ဝန်းကျင်၊ မိသားစုနှင့် မိတ်ဆွေသူငယ်ချင်းများ အကြားတွင် သန်းခေါင်စာရင်းအကြောင်း နားလည် သဘောပေါက်အောင် ဆောင်ရွက်ခြင်း။ (သန်းခေါင်စာရင်းတွင် အရေးအကြီးဆုံးသည် လူတိုင်း ပါဝင်မှုပင် ဖြစ်ပါသည်။)

(ဂ) သန်းခေါင်စာရင်းဆိုင်ရာသတင်းအချက်အလက်၊ ဗဟုသုတများကို အများပြည်သူနားလည်အောင် ပြုလုပ်ပြီး သန်းခေါင်စာရင်း လုပ်ငန်းစဉ်နှင့်ပတ်သက်၍ လွဲမှားသော တွေးခေါ် ထင်မြင်ခြင်းများနှင့် လုပ်ကြံပြောဆိုသည့် ယုံတမ်းစကားများကို ပပျောက်အောင်ပြုလုပ်ခြင်း။

(ဃ) သတင်းစာ/စာနယ်ဇင်းဆရာများ၊ ပြည်သူလူထု (သို့မဟုတ်) အခြားသူတစ်ဦးဦးမှ သန်းခေါင်စာရင်းနှင့် ပတ်သက်၍ မေးမြန်းလာသည့် မေးခွန်းအားလုံးကို ဖြေဆိုပေးခြင်း၊ (မေးခွန်းအများစု၏ အဖြေများကို ဤလက်စွဲစာစောင်တွင် တွေ့ရှိနိုင်သလို "သန်းခေါင်စာရင်း အကြောင်း သိကောင်းစရာများ" စာအုပ်တွင်လည်း တွေ့ရှိနိုင်ပါသည်။)

(င) သန်းခေါင်စာရင်း၏ တိကျမှန်ကန်မှု၊ ယုံကြည်ကိုးစားနိုင်မှုနှင့် လက်ခံနိုင်မှုတို့ အတွက် ကောင်းမွန်သည့် ဥပမာ/ပုံစံများပေးခြင်း၊



သင်မဖြေဆိုနိုင်သည့် မေးခွန်းတစ်ခုကို လက်ခံရရှိသည့်အခါ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် သန်းခေါင်စာရင်းအရာရှိများ (သို့မဟုတ်) နေပြည်တော်ရှိ ပြည်သူ့အင်အားဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ မှန်းဆဖြေဆိုသည့် မှားယွင်းသောအဖြေများထက် အချိန်အနည်းငယ်ပေးပြီးမှ ရရှိသော မှန်ကန်သည့်အဖြေများသည် ပိုမိုကောင်းမွန်ပါသည်။ မှားယွင်းသောအချက်အလက်များသည်ပြန့်နှံ့လွယ်ပြီးပြန်လည်ပြင်ဆင်ရန် ပိုမိုခက်ခဲပါသည်။

# ၁၁။ မီဒီယာ၏ အခန်းကဏ္ဍ



## သန်းခေါင်စာရင်းရုံးများသည် မီဒီယာနှင့် အမြဲဆက်စပ်ဆောင်ရွက်နေမည် ဖြစ်ပါသည်။

သတင်းစာ/စာနယ်ဇင်းဆရာများ၊ ပြန်ကြားရေးဌာနမှ တာဝန်ခံအရာရှိများနှင့် အခြားမီဒီယာများမှ ကိုယ်စားလှယ်များသည် ၂၀၁၄ ခုနှစ်ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ မိတ်ဆွေများပင်ဖြစ်ပါသည်။ သန်းခေါင်စာရင်း လုပ်ငန်းစဉ် အဆင့်ဆင့်နှင့် သင့်လျော်မှန်ကန်သည့် သန်းခေါင်စာရင်းဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူလူထုထံ ဖြန့်ဝေနိုင်ရန်အတွက် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်စသည့် မီဒီယာနည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို ခေါ်ခိုင်ခိုင်စိုးနှင့်အဖွဲ့မှ တာဝန်ယူပြီး
အချက်အလက်များကို စုစည်းမည် ဖြစ်သည်
(ဓါတ်ပုံ- ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့/ပြည်ကျော်မြင့်)

# ၁၂။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ သန်းခေါင်စာရင်းတွင် မေးမြန်းမည့် မေးခွန်းများ

သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းကောက်များ၏ မေးမြန်းချက်များသည် ဖြေဆိုသူများအနေဖြင့် ၎င်းတို့နှင့် မသက်ဆိုင် (သို့မဟုတ်) မလိုအပ်ဟု ထင်နိုင်ပါသည်။ သို့သော် သန်းခေါင်စာရင်းတွင် ပါဝင်သော မေးခွန်းတစ်ခု ချင်းစီတွင် ကောင်းမွန်သော ရည်ရွယ်ချက် အသီးသီးရှိပါသောကြောင့် ပါဝင်သော မေးခွန်းအားလုံးအတွက် တိကျ မှန်ကန်သော အဖြေရရှိရန် အရေးကြီးပါသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် အသုံးပြုမည့် အောက်ဖော်ပြပါ မေးခွန်းများကို ကောက်ယူသည့် ရည်ရွယ်ချက် များ နှင့်တွဲဖက်၍ အကျဉ်းချုပ် ဖော်ပြထားပါသည်။

### (က) အမည်

ဖြေဆိုသူတစ်ဦးချင်း၏ အမည်များကို သန်းခေါင်စာရင်း အချက်အလက်များ ဆန်းစစ်ခြင်း (သို့မဟုတ်) အခြား စာရင်းအင်း အချက်အလက်များနှင့် ချိတ်ဆက်အသုံး ပြုမည်မဟုတ်ပါ။ အိမ်ထောင်စုတစ်စုတွင် စာရင်း ကောက်ယူရာတွင် အိမ်ထောင်စုသားများ ကျန်ခဲ့ခြင်း (သို့မဟုတ်) နှစ်ကြိမ်ကောက်ယူခြင်းများ မဖြစ်စေရန် ဖြေဆိုသူ တစ်ဦးချင်း၏ အမည်များကို မေးမြန်းရခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် ကြီးကြပ်သူမှ စာရင်းကောက် ယူထားမှုများကို မှန်/မမှန် စစ်ဆေးရာတွင် လိုအပ်ပါက အိမ်ထောင်စုဝင်များ၏ အမည်များကို အသုံးပြု၍ စစ်ဆေးသွားမည် ဖြစ်ပါသည်။



### (ခ) ကျား/မ

အမျိုးသားနှင့်အမျိုးသမီး လူဦးရေအချိုးကို သိရှိနိုင် ပါသည်။ ဥပမာ- အမျိုးသားများနှင့် အမျိုးသမီးများ၏ လူနေမှု ဘဝ၊ အသက်ရှင်နေထိုင်မှု အခြေအနေ (သို့မဟုတ်) အမျိုးမျိုးသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေအနေတို့ကို နှိုင်းယှဉ်ကြည့်နိုင်ပါသည်။ ကဏ္ဍတစ် ခုချင်း အလိုက် ကျားမ ကွဲပြားခြားနားမှုများကို ခွဲခြမ်း စိတ်ဖြာမှုပြုလုပ်ရန် အလွန်အရေးကြီးပါသည်။ သန်းခေါင် စာရင်းဆိုင်ရာ ရလာဒ်များ ထုတ်ပြန်ပြီးနောက် ကျိုးကြောင်းဆီလျော်မှု ရှိသော သုတေသနလုပ်ငန်းများ ဆက်လက်လုပ်ကိုင် နိုင်မည်ဖြစ်ပါသည်။

### (ဂ) အသက်

အသက်အပိုင်းအခြား ဖွဲ့စည်းပုံသည် အသက်အပိုင်း အခြားအလိုက် လူဦးရေ၏ လိုအပ်ချက်များနှင့် ဖြစ်နိုင်ဖွယ် ရှိသော လူဦးရေတိုးနှုန်းကို အဆုံးအဖြတ်ပေးပါသည်။ နိုင်ငံတစ်နိုင်ငံရှိ ပြည်သူပြည်သားအားလုံးနှင့် အသက် အပိုင်းအခြားအလိုက် လူဦးရေတို့၏ လိုအပ်ချက်များ အတွက် မူဝါဒများ ချမှတ်ရာတွင် ယင်းနိုင်ငံ၏ အသက်ဖွဲ့

စည်းပုံအလိုက် လူဦးရေဆိုင်ရာ အချက်အလက်များကို သိရှိရန် လိုအပ်ပါသည်။ ဥပမာ - အသက် (၅)နှစ်နှင့် (၅)နှစ်အောက်ကလေး အရေအတွက်ကို သိရှိခြင်းဖြင့် နိုင်ငံတော်အစိုးရသည် လာမည့်နှစ်အနည်းငယ် အတွင်း စာသင်ကျောင်း၊ စာသင်ခန်းနှင့် ဆရာ၊ ဆရာမများ မည်မျှ လိုအပ်မည်ကို ခန့်မှန်းသိရှိနိုင်ပါသည်။

## (ဃ) အိမ်ထောင်ဦးစီးနှင့်တော်စပ်ပုံ

မိသားစုအရွယ်အစားနှင့် မိသားစုဆိုင်ရာ အချက်အလက်များကို ရရှိနိုင်ရန်အတွက် အိမ်ထောင်စုဝင်တိုင်း၏ အိမ်ထောင်ဦးစီးနှင့် တော်စပ်ပုံမှာ အရေးကြီးပါသည်။ ယင်းအချက်အလက်သည် မိသားစုဖွဲ့စည်း တည်ဆောက်ပုံများနှင့် မိသားစုဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်များ မည်သို့တိုးတက်ပြောင်းလဲလာပုံနှင့် နိုင်ငံအတွင်း မည်ကဲ့သို့နှိုင်းယှဉ်ရမည်ကို ဆုံးဖြတ်နိုင်ရန် အသုံးဝင်ပါသည်။

## (င) အိမ်ထောင်ရေးအခြေအနေ

အိမ်ထောင်ရေး အခြေအနေသည် မွေးဖွားမှုနှင့်များစွာ ဆက်စပ်နေသည်မှာ သိသာထင်ရှားပါသည်။ ယေဘုယျအားဖြင့် အိမ်ထောင်ပြုနောက်ကျခြင်းသည် မွေးဖွားမှုနှုန်းကိုကျဆင်းစေပါသည်။ တိုင်းပြည်အများစုကို လေ့လာရာတွင် လက်ထပ်ပြီးသော အမျိုးသမီးများသည် လက်မထပ်ရသေးသော အမျိုးသမီးများထက် မွေးဖွားမှုနှုန်း ပိုမိုမြင့်မားကြောင်း တွေ့ရှိရပါသည်။ အမျိုးသမီးတစ်ဦး၏ ပထမဆုံး ကလေးရရှိချိန် အသက်သည် မွေးဖွားမှုနှုန်းကို သိသာစွာ အကျိုးသက် ရောက်လျက်ရှိပါသည်။ အသက် (၃၀)အရွယ်တွင် ပထမဆုံး ကလေးရသော အမျိုးသမီးသည် အသက် (၂၀)အရွယ်တွင် ပထမဆုံး ကလေးရသော အမျိုးသမီးထက် သားသမီးဦးရေ ပိုနည်းနိုင်မည် ဖြစ်ပါသည်။

## (စ) ကိုးကွယ်သည့်ဘာသာ

ကိုးကွယ်သည့်ဘာသာသည် မတူညီသော လူမှုအဖွဲ့အစည်း အတွင်းရှိနေသူများ၏ အမူအကျင့်၊ ကျင့်ဝတ်များနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို သတ်မှတ်ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်သည်။ လူအများစုသည် ၎င်းတို့မည်သူ မည်ဝါဖြစ်သည်ကို ကိုးကွယ်သည့်ဘာသာနှင့် ဆက်စပ်၍ ပိုမိုရှင်းလင်းစွာဖော်ပြနိုင်ကြပါသည်။ ဘာသာရေး ယုံကြည်မှုများသည် လူဦးရေဆိုင်ရာ အချက်အလက်များ၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များနှင့် ယုံကြည်မှုများကိုများစွာ လွှမ်းမိုးမှုရှိပါသည်။



## (ဆ) လူမျိုးနွယ်စု

လူတစ်ဦးချင်း၏ လူမျိုးနွယ်စုကို ထိုသူ၏ ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် စရိုက်လက္ခဏာအရ အဓိပ္ပါယ်သတ်မှတ်နိုင်ပြီး ၎င်းသည် ပုံစံအမျိုးမျိုးဖြင့် လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းအပေါ်တွင် လွှမ်းမိုးနိုင်ပါသည်။
အချို့ ဒေသများတွင် လူဦးရေဆိုင်ရာ အညွှန်းကိန်းများသည် အခြားဒေသများထက် များခြင်း (သို့မဟုတ်) နည်းခြင်းတို့ ဖြစ်ရခြင်းမှာ လူမျိုးနွယ်စုများ၏ စံနှုန်းမတူညီခြင်းသည်လည်း အကြောင်းရင်း တစ်ရပ်ဖြစ်ကြောင်း နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ လူမျိုးဆိုင်ရာ အချက်အလက်များကိုအသုံးပြု၍ လူမျိုးစုများ၏ တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်များကို သုတေသနပြုနိုင်ပါသည်။ အထူးသဖြင့် လူမျိုးစုတို့၏အိမ်ထောင်ပြုမှု၊ ရွှေ့ပြောင်းသွားလာမှု၊ ပညာတတ်မြောက်မှု၊ အလုပ်အကိုင်နှင့် အခြား အကြောင်းအရာများကြောင့် ကွဲပြားသောလူမျိုးစုများ ရောနှောနီးကပ်လာစေပြီး ၎င်းမှတစ်ဆင့် လူမျိုးစုများ၏တွေးခေါ်မှုများကို ပြောင်းလဲစေခြင်း၊ မိမိကိုယ်မိမိ မည်သူမည်ဝါဖြစ်သည်ကို သတ်မှတ်မှု ပြောင်းလဲလာခြင်းနှင့် လူမျိုးစုဆိုင်ရာ အဓိပ္ပါယ် ဖွင့်ဆိုချက်အသစ်များ ပြောင်းလဲလာခြင်း စသည်တို့ကို သုတေသနပြု ဆောင်ရွက်နိုင်ပါသည်။

## (ဇ) မသန်စွမ်းမှု အခြေအနေ

မသန်စွမ်းမှုဆိုင်ရာ မေးခွန်းမှ မသန်စွမ်းသူ အရေအတွက်၊ မသန်စွမ်းသူများ၏ အသက် အပိုင်းအခြားအလိုက်၊ နေရာဒေသအလိုက် ပြန့်နှံ့နေမှုနှင့် မသန်စွမ်းသူများ၏ လိုအပ်ချက်များကို ရရှိနိုင်ပါသည်။

ဤစာရင်းများသည် မသန်စွမ်းသူများအတွက် အစီအစဉ်များ ရေးဆွဲရန်နှင့် မူဝါဒများ အကောင်အထည် ဖော်ရန် အသုံးဝင်ပါသည်။





## (ဈ) ပြောင်းရွှေ့သွားလာနေထိုင်ခြင်းဆိုင်ရာ မေးခွန်း

(မွေးဖွားသည့်မြို့နယ်၊အမြဲနေထိုင်သည့်မြို့နယ်၊ ယခင်နေထိုင်ခဲ့သည့် မြို့နယ်၊ ပြောင်းရွှေ့ နေထိုင်ရသည့် ရည်ရွယ်ချက်)

ဤမေးခွန်းများ၏ ရလာဒ်များမှ ပြည်တွင်းပြောင်းရွှေ့နေထိုင်မှု အခြေအနေနှင့် အမျိုးအစားကို ဖော်ထုတ်နိုင်ပါသည်။ အထူးသဖြင့် ကျေးလက်နှင့်မြို့ပြအကြား ပြောင်းရွှေ့နေထိုင်မှု ဆိုင်ရာ အသေးစိတ် အချက်အလက် များကို သိရှိနိုင်ပါသည်။

အဆိုပါ အချက်အလက်များသည် ယနေ့မြန်မာနိုင်ငံရှိ ဒေသ အသီးသီး၏ အနာဂတ်လူဦးရေ တိုးတက်မှု၊ ဝန်ဆောင်မှုနှင့် အခြေခံ အဆောက်အအုံ လိုအပ်ချက် ဆိုင်ရာ အစီအစဉ်များ ရေးဆွဲရာတွင် အထောက်အကူပြုနိုင်ပါသည်။

## (ည) ပညာရေးမေးခွန်း

ဤမေးခွန်းများမှ ရရှိသော အချက်အလက်များသည် စာတတ်မြောက်မှုနှုန်းနှင့် ပညာရေးလိုအပ်ချက်များကို ပြည်သူလူထု တစ်ရပ်လုံးအတွက် သော်လည်းကောင်း၊ စီမံအုပ်ချုပ်မှု ဒေသအလိုက် သော်လည်းကောင်း၊ အသက် အပိုင်းအခြားအလိုက် သော်လည်းကောင်း အကဲဖြတ်ရန် အသုံးဝင်ပါသည်။ သန်းခေါင်စာရင်းသည် ကျား/မ အလိုက်၊ လူမျိုးနွယ်စုအလိုက်နှင့် ဒေသအလိုက် ပညာရေးအဆင့် ကွာခြားချက်များကို ဆန်းစစ်ရာတွင် အသုံးဝင်ပါသည်။

## (ဋ) စီးပွားရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေ

သန်းခေါင်စာရင်းသည် လုပ်သား အင်အားဦးရေနှင့် ပါဝင်ဖွဲ့စည်းမှု၊ အလုပ်အကိုင်ရရှိမှုနှုန်းနှင့် အလုပ်လက်မဲ့နှုန်းများကို တိုင်းတာပေးပါသည်။

သန်းခေါင်စာရင်း မကောက်မီ တစ်နှစ်အတွင်း အဓိက လုပ်ကိုင်ခဲ့သည့် အလုပ်အကိုင်နှင့် ပတ်သက်သော မေးခွန်းများသည် နှစ်စဉ်အလုပ်ရရှိမှု ပုံစံကို တိုင်းတာရာတွင် အထောက်အကူပြု ပါသည်။ အလုပ်အကိုင်၊ လုပ်ငန်း အမျိုးအစားများနှင့် ပတ်သက်သည့် မေးခွန်းများသည် ပြည်သူတို့၏ အဓိက စီးပွားရေးဆောင်ရွက်ချက်များကို ကျား/မ၊ အသက်နှင့် ပညာရေးအဆင့်အတန်းအလိုက် ခွဲခြားလေ့လာ နိုင်ပါသည်။ အဆိုပါ အချက်များသည် နိုင်ငံတော်အစိုးရအတွက် မတူညီသော စီးပွါးရေးလုပ်ငန်းများစီမံဆောင်ရွက်ရာတွင် အထောက်အကူပြုစေပါသည်။

## (၅) အိမ်ရာနှင့် အိမ်ရာအသုံးဆောင်ဆိုင်ရာ မေးခွန်းများ

ဤမေးခွန်းမှ ရလာဒ်များသည် သမရိုးကျ အိမ်ထောင်စုများတွင် နေထိုင်သော လူဦးရေ အချိုးကို ဖော်ပြပြီး အိမ်ရာ၏ အရည်အသွေးကိုလည်း ထင်ဟပ်ဖော်ပြပါသည်။ မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ၏ လူမှုစီးပွားရေး အခြေအနေများ၊ သောက်သုံးရေနှင့် အလင်းရောင်ရရှိမှု နည်းလမ်းများ၊ ချက်ပြုတ်ရာတွင် အသုံးပြုသော လောင်စာ အမျိုးအစားနှင့် အညစ်အကြေး စွန့်ပစ်မှု အခြေအနေများကို သိရှိနိုင်မည် ဖြစ်ပါသည်။ အဆိုပါ အချက်အလက်များသည် နိုင်ငံတော် အစိုးရအတွက် အိမ်ထောင်စုများ၏ လူမှုစီးပွားရေးလိုအပ်ချက်များကို ခန့်မှန်းပေးနိုင်မည် ဖြစ်ပြီး အိမ်ရာ အခြေအနေ နိမ့်ကျသော ဒေသများနှင့် တိုးတက်ရန် လိုအပ်နေမှုများကို ဖေါ်ထုတ်ပေးနိုင်ပါသည်။



## (၆) အိမ်ထောင်စုတွင် လွန်ခဲ့သော ၁၂လအတွင်း သေဆုံးမှုများ

ဤမေးခွန်းမှ ခန့်မှန်းသက်ကြီးအရွယ် သေဆုံးနှုန်းကို ရရှိနိုင်ပါသည်။ အထူးသဖြင့် ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားစဉ် အမျိုးသမီးများ၏ ခန့်မှန်းသေဆုံးနှုန်းကို ရရှိနိုင်ပါမည်။ ၎င်းအချက်အလက် များသည် နိုင်ငံတစ်ဝှမ်း ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို တိုးမြှင့်ဆောင်ရွက် ပေးနိုင်ရန်အတွက် အဓိက သော့ချက်ဖြစ်ပါသည်။



## (၇) ပြည်ပတွင် သွားရောက် နေထိုင်သည့် မြန်မာလူမျိုးများ

ယခင်က မြန်မာနိုင်ငံတွင် နေထိုင်ခဲ့ပြီး အခြားတိုင်းပြည်သို့ ပြောင်းရွှေ့နေထိုင်သူ (သို့မဟုတ်) အလုပ်သွားရောက် လုပ်ကိုင်သူ အရေအတွက်နှင့် ၎င်းတို့နှင့် ပတ်သက်သည့် အချက်အလက်များကို စာရင်းကောက်ယူမည် ဖြစ်ပါသည်။ ယခုအခါ မြန်မာနိုင်ငံသည် ပိုမိုပွင့်လင်းလာသဖြင့် မြန်မာနိုင်ငံသို့ ပြန်လာလိုသော မြန်မာနိုင်ငံသား အရေအတွက်ကို ခန့်မှန်းရာတွင် အဆိုပါ အချက်အလက်များကို အသုံးပြုနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံအတွင်းမှ ထွက်ခွာ သွားသော နိုင်ငံသားများ၏ ထွက်ခွါရသည့် အကြောင်းရင်းများကို သိပ္ပံနည်းကျကျ သုတေသနပြုနိုင်မည်ဖြစ်ပြီး ၎င်းတို့ ပြန်လာသည့်အခါတွင် လိုအပ်သော ဝန်ဆောင်မှုများကို ခန့်မှန်းရာတွင်လည်း အသုံးပြုနိုင်ပါသည်။

# ၁၃။ သန်းခေါင်စာရင်း ရလာဒ်များကို ထုတ်ပြန်ကြေညာခြင်း




၂၀၁၄ခုနှစ် သန်းခေါင်စာရင်းမှ ရရှိသော အချက်အလက်များကို စာရင်းဇယားပြုစုခြင်း၊ ဆန်းစစ်လေ့လာခြင်းနှင့် ထုတ်ပြန်ခြင်း လုပ်ငန်းများကို ပုံရိပ်ဖမ်းစက်များ၊ ကွန်ပျူတာများနှင့် ကျွမ်းကျင်ပညာရှင် လူ့စွမ်းအားများကို အသုံးပြု၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များကို သတ်မှတ်အချိန်ဇယားအတိုင်း ထုတ်ပြန်သွားပါမည်။

- ပဏာမ သန်းခေါင်စာရင်း အကြိုစာရင်းဇယား အစီရင်ခံစာကို ၂၀၁၄ ခုနှစ်ဩဂုတ်လတွင် ထုတ်ပြန်ခြင်း၊
- အပြီးသတ် သန်းခေါင်စာရင်း၊ စာရင်းဇယားများကို ၂၀၁၅ ခုနှစ် ပထမလေးလပတ်တွင် ထုတ်ပြန်ခြင်း၊
- အချက်အလက်များအပေါ် ဆန်းစစ်သုံးသပ်ရရှိမှု အစီရင်ခံစာများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ စတင်၍ စဉ်ဆက်မပြတ် ထုတ်ပြန်ခြင်း၊

# ၁၄။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ သန်းခေါင်စာရင်းဆိုင်ရာ ကိန်းဂဏန်းများ

- **သန်းခေါင်စာရင်းအတွက် စုစုပေါင်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၅၈.၆ သန်းဖြစ်ပါသည်။**
  လက်ရှိတွင် နိုင်ငံတော်အစိုးရ အနေဖြင့် အုပ်ချုပ်မှုဆိုင်ရာ ကုန်ကျစရိတ်များအပြင် အမေရိကန်ဒေါ်လာ(၁၅) သန်း ထည့်ဝင်မည်ဖြစ်ပြီး ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) အနေဖြင့် ပူးပေါင်းညှိနှိုင်းဆောင် ရွက်မှုနှင့် အုပ်ချုပ်မှုဆိုင်ရာ ပံပိုးမှုများအပြင် အမေရိကန်ဒေါ်လာ (၅)သန်း ထည့်ဝင်ထောက်ပံ့ရန် ဖြစ်ပါသည်။ အလှူရှင်နိုင်ငံများ ဖြစ်ကြသော ဩစတြေးလျ၊ ဖင်လန်၊ ဂျာမနီ၊ နော်ဝေ၊ ဗြိတိန်၊ ဆွီဒင်နှင့် ဆွစ်ဇာလန် နိုင်ငံများ မှလည်း အမေရိကန်ဒေါ်လာ (၄၁)သန်း ထည့်ဝင်ရန် အဆိုပြုထားပါသည်။ ထို့အပြင် ကနေဒါ၊ အီးယူ၊ ဂျပန်နှင့် အီတလီနိုင်ငံများမှလည်း ကူညီထောက်ပံ့ရန် စဉ်းစားနေပါသည်။

- **သန်းခေါင်စာရင်း ကွင်းဆင်းဆောင်ရွက်မည့် ခန့်မှန်းသန်းခေါင်စာရင်း ဝန်ထမ်းအင်အား တစ်သိန်း လေးသောင်း ရှိပါသည်။**
  ယင်းခန့်မှန်းအင်အားတွင် စာရင်းကောက်အင်အား (၁)သိန်း၊ စာရင်းစစ် အင်အား(၂) သောင်းနှင့် ဗဟိုအဆင့်နှင့် ဒေသဆိုင်ရာအဆင့် နည်းပြအင်အား (၅)ထောင်ပါဝင် ပါသည်။

- လက်ရှိအနေအထားတွင် သန်းခေါင်စာရင်းလုပ်ငန်းစဉ်၌ နိုင်ငံပေါင်း **(၁၅) နိုင်ငံကျော် မှ ပညာရှင်များပါဝင် ဆောင်ရွက်လျက်ရှိပါသည်။**

- သန်းခေါင်စာရင်းမြေပုံရေးဆွဲခြင်းလုပ်ငန်းမှ ခန့်မှန်းခြေအားဖြင့် သန်းခေါင်စာရင်း မြေပုံပေါင်း **(၁၇၀,၀၀၀) ခန့်ပြုစုထုတ်လုပ်မည် ဖြစ်ပါသည်။**



- **မြန်မာနိုင်ငံကို သန်းခေါင်စာရင်းကောက်ကွက်ပေါင်း (တစ်သိန်း)ခန့်ဖြင့် ပိုင်းခြားထားပါသည်။** သန်းခေါင်စာရင်းကောက်ယူသည့်ကာလအတွင်း စာရင်းကောက်များမှ ယင်းစာရင်းကောက်ကွက် ဧရိယာ အားလုံးကိုလွှမ်းခြုံမိအောင် စာရင်းကောက်ယူရမည်ဖြစ်ပါသည်။ သန်းခေါင်စာရင်း ကောက်ယူချိန်တွင် အသေးစိတ်ကောက်ကွက် မြေပုံအားလုံးကို ရရှိနိုင်မည်ဖြစ်ပါသည်။

- **၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမေးခွန်းလွှာတွင် မေးခွန်းပေါင်း (၄၁)ခုပါဝင်ပြီး မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့်ပြုစုထားပါသည်။** သို့သော်လည်း စာရင်းကောက်သည် သင်၏ ဒေသဘာသာစကားဖြင့် မေးခွန်းများကို မေးမြန်းမည် ဖြစ်ပါသည်။

- **ယခုကောက်ယူမည့် သန်းခေါင်စာရင်းသည် မြန်မာနိုင်ငံ၏ လူဦးရေအမှန်ကို ပေးနိုင်မည် ဖြစ်ပါသည်။**

- မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း **(၁၁) သန်းခန့်ရှိပါသည်။**



## ပြည့်လုံးကျွတ်ကောက်ယူမည့် သန်းခေါင်စာရင်းဖြစ်ပြီး နိုင်ငံအတွင်းရှိ လူတိုင်းပါဝင်ခွင့်ရရန် အရေးကြီးသည်။

# ၁၅။ နိဂုံး




သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏကြီးမားပြီး ကျယ်ပြန့်ရှုပ်ထွေးသော လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရ၊ ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်သူများနှင့် သန်းခေါင်စာရင်း လုပ်ငန်းမှ တာဝန်ရှိသူ အရာရှိများ အနေဖြင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အဆင်ပြေချောမွေ့ အောင်မြင်ရေးအတွက် အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်နေကြရသလို ပြည်သူလူထုက အပြည့်အဝ ပူးပေါင်းပါဝင်ရေးသည်လည်း အဓိကကျပြီး ထို (၂)ချက် ညီညွတ်မှသာလျှင် သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်း ကေန်မုချ အောင်မြင်နိုင်မည် ဖြစ်ပါသည်။ သန်းခေါင်စာရင်း ကောက်ယူခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ပြည်သူတိုင်း သိရှိ နားလည်မည် ဆိုလျှင် တိကျမှန်ကန်သော အချက်အလက်များ ဖြေဆိုရေးကိုလည်း ပြည်သူများမှ ပိုမိုစိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက် လာမည် ဖြစ်ပါသည်။

သန်းခေါင်စာရင်း ကောက်ယူချိန်ကာလအတွင်း ပြည်သူတစ်ရပ်လုံးအနေဖြင့် သန်းခေါင်စာရင်းလုပ်ငန်းတွင် ပူးပေါင်း ပါဝင် ဆောင်ရွက်ရန်နှင့် စာရင်းကောက်များကို ကူညီပေးရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနမှ မေတ္တာရပ်ခံလိုပါသည်။ မိမိတို့နိုင်ငံနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ၂၀၁၄ခုနှစ် မြန်မာနိုင်ငံ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရပါမည်။ အောင်မြင်သော သန်းခေါင်စာရင်း တစ်ခုသည် နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲသော လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိရန် အရေးကြီးသည့် ခိုင်မာတိကျသော စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ထောက်ပံ့ပေးနိုင်မည် ဖြစ်ပါသည်။

၂၀၁၃ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူစဉ် စာရင်းကောက် (၅) ဦးကို
ကြီးကြပ်ခဲ့သည့် စာရင်းစစ်ဒေါ်ခင်သီတာမြင့်
(ဓါတ်ပုံ- ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့/ပြည်ကျော်မြင့်)

အချက်အလက်များ အသေးစိတ် ထပ်မံသိရှိလိုပါက website

http://www.dop.gov.mm

http://myanmar.unfpa.org/census

ပြည်လုံးကျွတ်
သန်းခေါင်စာရင်း
၂၀၁၄